# ၂၀၁၅ ခုနှစ်
# တက္ကသိုလ်ဝင်စာမေးပွဲ
# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

သမိုင်း　　　　　　　　　　　　　　　　　　　　　　　　　　　　ခွင့်ပြုချိန် (၃)နာရီ

သတိပြုရန်။　　　　။အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ (၁၀မှတ်)

(၁) မြန်မာအမျိုးသမီးသမဂ္ဂနှင့်ခေတ်ပြိုင်အသင်းမှာ -------- အသင်းဖြစ်သည်။

(၂) တိုင်းရင်းသားအားလုံးသည် ဖက်ဆစ် -------- ဆန့်ကျင်ရေးအတွက် ပိုမိုစည်းလုံးလာသည်။

(၃) မြန်မာနိုင်ငံအုပ်ချုပ်ရေးသစ်ကိုအကောင်အထည်ဖော်ရန် -------- နိုဝင်ဘာတွင် အောက်လွှတ်တော်အမတ် ၁၃၂ နေရာအတွက် ရွေးကောက်ပွဲ ကျင်းပကြသည်။

(၄) ၁၉၅၂တွင်ပထမဆုံးအကြိမ်ကျင်းပသော -------- ညီလာခံတွင် အခြားစီမံကိန်းများနှင့် အတူ ဘဝသစ်ဖန်တီးမှု ပညာရေးစီမံကိန်းကို တင်ပြဆွေးနွေး ပြဋ္ဌာန်းသည်။

(၅) ပြည်သူ့အကျိုးပြုစာပေများ တိုးတက်များပြားစွာ ပေါ်ထွက်လာစေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက -------- စာပေဆုပေးပွဲများကို ၁၉၆၂မှ အစပြု၍ နှစ်စဉ်ကျင်းပသည်။

(၆) ရုရှတွင် လယ်သမားနှင့် -------- တို့၏ဘဝအခြေအနေမှာ ဆင်းရဲနိမ့်ကျလှသည်။

(၇) အိန္ဒိယပြည်သူတို့ကို --------မဝတ်ဆင်ရန်နှင့် တိုင်းရင်းဖြစ် အဝတ်အထည်များကိုသာ ဝတ်ဆင်ရန် လှုံ့ဆော်သည်။

(၈) ဟစ်တလာသည် -------- ပြဿနာကို အကြောင်းပြု၍ ချက်ကိုစလိုဗားကီးယားကို ကျူးကျော်သိမ်းပိုက်ရန် ပြင်ဆင်ခဲ့သည်။

(၉) မြောက်ပိုင်းကိုဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံအဖြစ် -------- က ဦးဆောင်၍ တောင်ပိုင်းကို ဘိုဒိုင်းက ဦးဆောင်ခဲ့သည်။

(၁၀) ဘာစွတက်အဖွဲ့သို့ မြန်မာနိုင်ငံပါဝင်လာခြင်းကြောင့် အဖွဲ့၏ အမည်ကိုလည်း -------- ဟု ပြောင်းလဲလိုက်သည်။

[တစ်ဖက်သို့

၁။ (ခ) အောက်ဖော်ပြချက်များကို 'မှား' (သို့မဟုတ်) 'မှန်' ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ။ (၅မှတ်)

(၁) ဝိုင်အမ်ဘီအေအသင်းဖွဲ့စတွင် အသင်းဝင်ဦးရေမှာ ၂၀ ပင် မပြည့်ပေ။

(၂) မဟာဝန်ရှင်တော်မင်းကြီးကို ၁၈၆၃ တွင် စတင်ခန့်ထားခဲ့သည်။

(၃) ပထစ အစိုးရ အာဏာရပြီး နှစ်နှစ်အတွင်း၌ စီးပွားရေးကျဆင်းလာ၏။

(၄) မလေးရှားတွင်ပထမဆုံးခေတ်သစ်နိုင်ငံရေးလှုပ်ရှားမှုများကိုပြုလုပ်လာသူများမှာအင်္ဂလိပ်များ ဖြစ်သည်။

(၅) ဒုတိယကမ္ဘာစစ်အတွင်းကာလ ၁၉၄၁ တွင် ပိုလန်တစ်နိုင်ငံလုံး ဂျာမန်များ လက်အောက်သို့ ကျရောက်ခဲ့သည်။

၁။ (ဂ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ အဖြေမှန်တစ်ခု ကို အဖြေစာအုပ်တွင် ရေးပါ။ (၅မှတ်)

(၁) အင်္ဂလိပ်နယ်ချဲ့တို့သည် -------- ကျူးကျော်စစ်ကို ၁၈၈၅ နိုဝင်ဘာ ၁၄ တွင် စတင်ဆင်နွှဲသည်။
(က) ပထမ (ခ) ဒုတိယ (ဂ)တတိယ

(၂) ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ --------- သည် ဒုတိယဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။
(က) ဂဠုန်ဦးစော (ခ) သခင်ဗစိန် (ဂ) ဗိုလ်ချုပ်အောင်ဆန်း

(၃) ပြင်သစ်၏ လွန်ကဲသော အမျိုးသားရေးဝါဒမှာ -------- အပေါ် လက်စားချေလိုခြင်း ပင်ဖြစ်သည်။
(က) ရုရှ (ခ) ဂျာမနီ (ဂ) ဩစတြီးယား

(၄) ပထမကမ္ဘာစစ်ပြီးခေတ်တွင် အီတလီ၌ လူဦးရေအဆမတန်တိုးပွားလာပြီး -------- အခက်အခဲနှင့်ကြုံတွေ့ရသည်။
(က) အလုပ်အကိုင် (ခ) လစာ (ဂ) စားနပ်ရိက္ခာ

(၅) တရုတ်နိုင်ငံ၏ -------- ဝါဒမှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ ၅ ချက်အပေါ် အခြေခံထားသည်။
(က) နိုင်ငံခြားရေး (ခ) စီးပွားရေး (ဂ) လူမှုရေး

## အပိုင်း (ခ)

၂။ အောက်ပါတို့အနက်လေးပုဒ်ကိုမှတ်စုတိုရေးပါ။ (၂၀ မှတ်)

(က) ဆိုင်မွန်ကော်မရှင် ( ၅ မှတ်)

(ခ) ကိုလိုနီခေတ် ရုပ်ရှင်လုပ်ငန်း ( ၅ မှတ်)

(ဂ) အိမ်စောင့်အစိုးရလက်ထက်အုပ်ချုပ်ရေး ( ၅ မှတ်)

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် သစ်တောကဏ္ဍ ( ၅ မှတ်)

(င) ဗာဆိုင်းစာချုပ်ပါ စစ်လျော်ကြေး အစီအစဉ်များ ( ၅ မှတ်)

(စ) ဗိုလ်ချုပ်ဖရန်ကို ( ၅ မှတ်)

(ဆ) ကုလသမဂ္ဂအဖွဲ့၏ လုံခြုံရေးကောင်စီ ( ၅ မှတ်)

(ဇ) အမေရိကန်ဦးဆောင်သော အနောက်အုပ်စုပေါ်ပေါက်လာခြင်း ( ၅ မှတ်)

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ နှစ်ပုဒ်ကို ဖြေဆိုပါ။ (၃၀)မှတ်

(၁) ၁၉၂၀–၁၉၃၀ ကာလအတွင်း မြန်မာ့နိုင်ငံရေးကို ဦးဆောင်လမ်းညွှန်ခဲ့သော အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးအကြောင်း ရေးသားပါ။ (၁၅မှတ်)

(၂) မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ရွှေတိဂုံအလယ်ပစ္စယံလူထု စည်းဝေးပွဲ၏ အရေးပါပုံကို ဖော်ပြပါ။ (၁၅မှတ်)

(၃) ဂျပန်ခေတ် မြန်မာစာပေနှင့် အနုပညာကို ဖြေဆိုပါ။ (၁၅မှတ်)

(၄) ဖဆပလအစိုးရလက်ထက် ယဉ်ကျေးမှုအခြေအနေကို ရေးသားပါ။ (၁၅မှတ်)

(၅) တော်လှန်ရေးကောင်စီအစိုးရလက်ထက် စီးပွားရေး အခြေအနေကိုတင်ပြပါ။ (၁၅မှတ်)

[တစ်ဖက်သို့

# အပိုင်း (ဃ)

အောက်ပါတို့အနက်မှ နှစ်ပုဒ်ကို ဖြေဆိုပါ။ (၃၀)မှ

နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ဖွဲ့စည်းပုံကို ရှင်းပြပါ။ (၁၅မှ

တရုတ်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ၁၉၁၁ ဘူစွာတော်လှန်ရေးကို ရေးသားပါ။ (၁၅မှ

လက်နက်အပြိုင်အဆိုင် တပ်ဆင်ခြင်းသည် ဒုတိယကမ္ဘာစစ် ဖြစ်ပွားရသော အခြေခံအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်းရေးသားပါ။ (၁၅မှ

စစ်အေးပြိုင်ဆိုင်မှုများကြောင့် ကိုရီးယားစစ်ပွဲပေါ်ပေါက်ရပုံကို ဖော်ပြပါ။ (၁၅မှ

ဒုတိယကမ္ဘာစစ်ပြီးကာလ ဖိလစ်ပိုင်နိုင်ငံအကြောင်းဖြေဆိုပါ။ (၁၅မှ